www.facebook.com/onairmm khtnetpc
For Knowledge & Educational Purposes

# ဂျစ်ပစီတားရော့

ဗေဒင်ဟောပြောနည်း



GYPSY TAROT


GYPSY TAROT

GYPSY TAROT


# ဂျစ်ပစီတားရော့

ဗေဒင်ဟောပြောနည်း


GYPSY TAROT



DigitalArtWaiYan

အမျိုးသားစာပေဆုရ တင်မော်(ဓာတု) ပြုစုသည်

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# GYPSY TAROT

# ဂျစ်ပစီတားရော့

## ဗေဒင်ဟောပြောနည်း

အမျိုးသားစာပေဆုရ

**တင်မော်(မာတု)** ပြုစုသည်။

**စာရေးသူ၏ရေးသားထုတ်ဝေပြီးစာအုပ်များ**

(၁) ချဲထိုးရင်တဲထိုးရမယ်။ (၁၉ဂဂခုနှစ်အတွက် ဝတ္ထုရှည်အမျိုးသားစာပေဆုရသည်

(၂) ဂဏန်းဗေဒင်နှင့်ထီထိုးနည်း။

(၃) အပိုင်ထီထိုးနည်း။

(၄) အပြီးပေါက်ထီထိုးနည်း။

(၅) ဘဝရသ၊ ဓမ္မရသ။

(၆) ဘဝများတွင် ဓမ္မတရားဖြင့်နေထိုင်နည်း။

(၇) ဆင်းရဲတွင်းနက်နက် ဘယ်လိုရုန်းထွက်မလဲ။

(ဂ) ဗုဒ္ဓပရိတ်တော်နှင့် အစွမ်းထက်သောဂါထာများ။

(၉) ရွှေဒသသနများ။

(၁၀) ကလေးအတွေး။ (၁ အုပ်မြောက်မှ ၂၃ အုပ်မြောက်အထိ)

(၁၁) လူကြီးအတွေး၊ ကလေးအာဟာရ။ (အမှတ်စဉ် ၁၊ ၂၊ ၃၊ ၄)

(၁၂) တားရော့ဂမ္ဘီရဗေဒင်ကြည့်နည်း။

(၁၃) ကိုးနဝင်း မိုးလင်းမှသိမယ်။

(၁၄) ဂြိုဟ်ခွင်လက်ထောက် မနောမယဗေဒင်။



## အမှာစကား

တားရော့ဂမ္ဘီရဗေဒင်ကြည့်နည်းစာအုပ်ကို ၂၀၀၅ခုနှစ်၊ ဩဂုတ်လကထုတ်ဝေခဲ့ရာ..ပရိသတ်များ၏အားပေးမှုကြောင့် အောင်မြင်မှုများစွာရရှိခဲ့ပါသည်။ ထိုစာအုပ်မျိုးထပ်မံပြုစုထုတ်ဝေရန်...ပရိသတ်များထံမှ အကြံပြုစာများရောက်ရှိခဲ့သော်လည်း..ကျွန်တော်ကိုယ်တိုင်မအားလပ်သဖြင့် ထပ်မံရေးသားပြုစုနိုင်ခြင်းမရှိခဲ့ပါ။

ယခုတော့ ပရိသတ်များ၏တောင်းဆိုချက်အတိုင်း "ဂျစ်ပစီတားရော့ဗေဒင်ကြည့်နည်း" စာအုပ်ကိုပြုစုရေးသားလိုက်နိုင်ပြီဖြစ်သည်။ "ဂျစ်ပစီတားရော့ဗေဒင်" ၏ထူးခြားချက်မှာ...ကတ်ပြားများ၏ အမျိုးအစားပေါ်တွင်အဓိက

ထား၍သီးသန့်ဟောပြောခြင်းမျိုးသာမကဘဲ...ကတ်ပြားတွင်ပါရှိသည့် နိမိတ်ပုံများကိုရောထွေးခံစား၍ ဟောပြောကြခြင်းဖြစ်ပါသည်။

ဂျစ်ပစီတားရော့ဗေဒင်ကတ်ပြားထုပ်ကို...ကိုယ်နှင့်မကွာဆောင်ထားပြီး မိမိ၊ကိုယ်တိုင်အတွက်နှင့်မိမိ၏မိတ်ဆွေများအတွက် ဂျစ်ပစီတားရော့ဗေဒင်ကြည့်ရှု၍...ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလိုက်နာကျင့်ကြံ၍ အောင်မြင်မှုရရှိနေသူအများအပြားရှိကြကြောင်း သတင်းကောင်းပါးလိုပါသည်။

ကျွန်တော့်ကိုယ်တိုင်လည်း...တားရော့ဗေဒင်ကို လိုက်စားခဲ့သလိုနီးစပ်ရာမိတ်ဆွေများအားတားရော့ဗေဒင်ကြည့်ရှု၍...အခက်အခဲပြဿနာများကိုကူညီဖြေရှင်းပေးနိုင်ခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိခဲ့ပြီဖြစ်သည်။ အပုန်တကယ်အကျိုးများကြောင်းလက်တွေ့သိရှိနေသူတစ်ဦးအနေဖြင့် ဂျစ်ပစီတားရော့ဗေဒင်ဟောပြောနည်းကို ပရိသတ်များအားလက်ဆင့်ကမ်းမျှဝေပေးလိုသောစေတနာဖြင့် ဂျစ်ပစီတားရော့ဗေဒင်ကိုအလွယ်ကူဆုံးတွက်ချက်ဟောပြောနိုင်ရန်အတွက် ကျွန်တော်ဉာဏ်စွမ်းရှိသမျှ ကြိုးစားစီစဉ်ပေးထားပါကြောင်း...လေးစားစွာအသိပေးအပ်ပါသည်။

တင်မော်(စာတု)

(ဝဏ္ဏရည်အမျိုးသားစာပေဆု)



## ဂျစ်ပစီတားရော့ဗေဒင်ကတ်ပြားများ

ကမ္ဘာ့နိုင်ငံများစွာတွင်ခေတ်စားနေသော တားရော့ဗေဒင်ကတ်ပြားများမှာအမျိုးအစားအားဖြင့်စုံလင်လှပေသည်။

တားရော့ဗေဒင်ကတ်ပြားများ၏သရုပ်ဖော်ပုံများမှာလည်း နိုင်ငံနှင့်လူမျိုး၏ယဉ်ကျေးမှုဓလေ့ထုံးစံများအလိုက် ကွဲပြားခြားနားမှုများစွာရှိနေကြပြီး အချို့ကတ်ပြားများ၏အမည်များမှာလည်း ကွဲပြားခြားနားကြပေသည်။

ဂျစ်ပစီတားရော့တွင်ပါရှိသည့်နိမိတ်ပုံများမှာ ထူးခြားဆန်းပြားလှပြီး တားရော့ဗေဒင်၏အသက်ဝိဉာဉ်ဖြစ်သည့်...အဓိကတားရော့(MAJOR ARCANA)၂၂ကတ်နှင့်သာမန်တားရော့(MINOR ARCANA)

၇၆ကတ်တို့ပါဝင်ကြပါသည်။

အဓိကတားရော့(**MAJOR ARCANA**)၂၂ကတ်အတွက် ဟောပြောချက်များသည်ပင် ဂျစ်ပစီတားရော့ဗေဒင်ဟောပြောသူတစ်ယောက် အတွက်ပြည့်စုံများပြားလှပြီဖြစ်ပေရာ...သာမန်တားရော့(**MINOR ARCANA**)၅၆ကတ်တို့အတွက်ဟောပြောချက်များကို ထည့်သွင်းရေးသား ခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ပါသည်။

အနောက်နိုင်ငံများတွင်ကျော်ကြားထင်ရှားနေသော တားရော့ဗေဒင် ကတ်ပြားများမှာ Ibis Tarot, Medieval Scapini, Tarot of the Stars, Rider Waite, Oswald Wirth, Grand Etteilla, Gran Tarot Esoterico, Visconti Sforzs, Marseilles, Stairs of Gold တားရော့ဗေဒင်ကတ်ပြား(၁၀)မျိုး ရှိရာ ယင်းတားရော့ဗေဒင်ကတ်ပြားများကိုအခြေခံထားလေ့လာ၍ ဤစာအုပ် ငယ်ကိုပြုစုခဲ့ခြင်းဖြစ်ပါသည်။

ဂျစ်ပစီတားရော့ဗေဒင်ကတ်ပြားများမှာ...Stairs of Gold တားရော့ဗေဒင်ကတ်ပြားမှ သရုပ်ဖော်ပုံများဖြစ်ပါသည်။

စာဖတ်သူများအနေဖြင့် မိမိကိုယ်တိုင်နှင့်မိမိမိတ်ဆွေများကိုဂျစ်ပစီ တားရော့ဗေဒင်ဟောပြောနိုင်ရန်အတွက် အဓိကဂျစ်ပစီတားရော့(**MAJOR**



**ARCANA**)(၂၂)ကတ်နှင့်အတူ ယင်းကတ်ပြား(၂၂)ကတ်အတွက် အတည် အဓိပ္ပာယ်ဟောပြောချက်(၂၂)မျက်နှာ၊ ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်(၂၂) မျက်နှာ စုစုပေါင်းအဓိပ္ပာယ်ဟောပြောချက်(၄၄)မျက်နှာကို ဂျစ်ပစီတားရော့ဗေဒင် ကတ်ပြားလှန်ပြီးသည်နှင့် စာအုပ်တွင်အလွယ်တကူဖတ်ရှုနိုင်ရန်စီစဉ်ပေးထား ပါသည်။

❑ ❑ ❑

## ဂျစ်ပစီတားရော့ဗေဒင် ဟောပြောနည်း

သင့်အနေနှင့် "ဂျစ်ပစီတားရော့ဗေဒင်"ကိုစတင်ဟောပြောတော့မည်ဆိုလျှင် (သို့) သင်ကိုယ်တိုင်အတွက်ကြည့်ရှုတော့မည်ဆိုလျှင်..အောက်ပါအချက်များကို လေးစားလိုက်နာရန်လိုအပ်ပါသည်။ သို့မှသာ "ဂျစ်ပစီတားရော့ဗေဒင်"၏စွမ်းပကားမှာ တိကျမှန်ကန်နိုင်ပေမည်။

(၁) "ဂျစ်ပစီတားရော့ဗေဒင်"ပညာရပ်သည်..ရှေးနှစ်ပေါင်းများစွာကပင်ပေါ်ပေါက်ခဲ့သော ရှေးဟောင်းဗေဒင်ပညာရပ်တစ်ခုဖြစ်ကြောင်းယုံကြည်ပါ၊ "ဂျစ်ပစီတားရော့ဗေဒင်"ပညာရပ်အပေါ်လေးစားစိတ်၊ ဟောပြောချက်များ



အတိုင်းလိုက်နာကျင့်ကြံလိုစိတ်များ ရင်ထဲတွင်ကိန်းအောင်းနေရပါမည်။

(၂) စိတ်ပနောအာရုံတွင်..နောက်ကျိုရှုပ်ထွေးနေချိန်၊ စိတ်မကြည်မလင်ဖြစ်နေချိန်၊ သင်၏ပတ်ဝန်းကျင်သည် စိတ်အနှောင့်အယှက်ဖြစ်လောက်အောင်ဆူညံနေချိန်တွင် "ဂျစ်ပစီတားရော့ဗေဒင်"ကိုတွက်ချက်ခြင်း၊ ဟောပြောခြင်းလုံးဝမပြုလုပ်ပါနှင့်။ ထိုသို့ပြုလုပ်ခဲ့လျှင်လည်း တိကျမှန်ကန်သောဗေဒင်ပညာ၏အကျိုးကျေးဇူးကို ခံစားရမည်မဟုတ်ကြောင်းကြိုတင်သတိပေးပါသည်။

(၃) မိမိကိုယ်တိုင်အတွက်ကြည့်လိုလျှင်..မိမိတစ်ယောက်တည်းသာရှိနေချိန်တွင်ကြည့်ရှုရမည်ဖြစ်ပြီး၊ မိတ်ဆွေတစ်ဦးအတွက်ကြည့်လိုလျှင် ထိုမိတ်ဆွေနှင့်မိမိနှစ်ဦးတည်းသာရှိနေချိန်တွင် "ဂျစ်ပစီတားရော့ဗေဒင်"ကို ကြည့်ရှု၍ဟောပြောခြင်းပြုနိုင်ပါသည်။ ထိုသို့ဟောပြောရာတွင်..အခြားလူပိုတစ်ဦးတစ်ယောက်မျှရှိမနေလျှင် အကောင်းဆုံးဖြစ်ပါသည်။

(၄) ယောက်ျားကိုင်လက်ကိုင်ပုဝါ(အပြာနုရောင်လက်ကိုင်ပုဝါရှိလျှင် ပိုကောင်းပါသည်)တစ်ခုကိုဖြန့်ခင်း၍..ဂျစ်ပစီတားရော့ဗေဒင်ထုပ်ကိုမှောက်၍ချထားလိုက်ပါ။ ထို့နောက်..ဂျစ်ပစီတားရော့ကတ်ပြားများကို သပအောင်မွှေပေး

ပါ။ (ကတ်ပြားအတွင်းမှသရုပ်ဖော်ပုံများ ဖင်ပြန်၊ ခေါင်းပြန်ဖြစ်သွားသည်အထိ လှည့်ပတ်၍မွှေပေးရန်ဖြစ်ပါသည်)

(၅) ဂျစ်ပစီတားရော့ကတ်ပြားများကို…ညီညာစွာပြန်၍ထပ်တင်ထားလိုက်ပါ။ ထို့နောက်လက်ဝဲဘက်လက်ဖြင့်…ဂျစ်ပစီတားရော့ကတ်ပြားထုပ်ကိုခပ်ဖွဖွ ညှစ်ကိုင်ကာ လက်ယာဘက်လက်၏လက်ခလယ်နှင့်လက်မဖြင့် ကတ်ပြားထုပ်၏အလယ်မှ…ကတ်ပြားအလယ်သားတစ်ထပ်ကိုဆွဲယူပြီးလျှင် ကတ်ပြားထုပ်၏အပေါ်ဆုံးသို့ ထပ်တင်လိုက်ပါ။ ဤအတိုင်း…သုံးကြိမ်တိတိပြုလုပ်ပြီးလျှင် ဂျစ်ပစီတားရော့ကတ်ပြားထုပ်ကိုလက်ကိုင်ပုဝါစပေါ်သို့ချထားလိုက်ပါ။

(၆) ဂျစ်ပစီတားရော့ကတ်ပြားထုပ်အတွင်းမှ…သရုပ်ဖော်ပန်းချီပုံများသည် အတည့်၊ ပြောင်းပြန်အနေအထားအမျိုးမျိုးဖြင့်ရှိနေပြီဖြစ်၍ ဂျစ်ပစီတားရော့ဗေဒင်ကြည့်လိုသူအတွက် အဆင်သင့်ရှိနေပြီဖြစ်ပါသည်။

(၇) ဂျစ်ပစီတားရော့ကတ်ပြားထုပ်လေးကိုအာရုံညွှတ်ထားလျက် သင်၏လက်ယာဘက်လက်ဖြင့် ကတ်ပြားထုပ်၏ထက်ဝက်ခန့်(သို့မဟုတ်)သင်ကြိုက်နှစ်ရာတစ်နေရာမှ,မ၍ယူလိုက်ကာ သင်၏လက်ထဲ၌ပါလာသောကတ်ပြားထပ်



ကို လက်ယာဘက်ဘေးတွင်အသာချထားလိုက်ပါ။

(၈) အောက်တွင်ကျန်ခဲ့သော..မူလဂျစ်ပစီတားရော့ကတ်ပြားထုပ်ပုအပေါ်ဆုံးကတ်ပြားလေးကို သင်၏လက်ယာဘက်လက်ဖြင့်မယူ၍..ဘေးတိုက်လှန်ချလိုက်ပါ။ သင်၏ကံကြမ္မာကိုဟောပြောမည့်…ဂျစ်ပစီတားရော့ဗေဒင်၏သရုပ်ဖော်ပုံကိုတွေ့ရပါလိမ့်မည်။

(၉) သင်လှန်ချလိုက်သောဂျစ်ပစီတားရော့ကတ်ပြားသည်..သင့်ဘက်မှကြည့်၍CARD-6 (THE LOVERS)အတည့်ပုံဖြစ်ပါက ကတ်ပြားပေါ်တွင်ရိုက်နှိပ်ထားသော…စာမျက်နှာ(၃၂)ရှိCARD-6 (THE LOVERS) (အတည့်အဓိပ္ပာယ်ဟောပြောချက်) ကိုဖတ်ရှုမှတ်သားရမည်ဖြစ်ပြီး CARD-6 (THE LOVERS)ပြောင်းပြန်ပုံဖြစ်နေပါက ကတ်ပြားပေါ်တွင်ရိုက်နှိပ်ထားသော…စာမျက်နှာ(၃၃)ရှိCARD-6 (THE LOVERS) (ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်) ကိုဖတ်ရှုမှတ်သားရမည်ဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် အလွယ်တကူဖတ်ရှုနိုင်ရန်အတွက်..ဂျစ်ပစီတားရော့ဗေဒင်ကတ်ပြားတိုင်းပေါ်တွင်ဖတ်ရှုမှတ်သားရမည့်အဓိပ္ပာယ်ဟောပြောချက်စာမျက်နှာနံပါတ်များကို ထည့်သွင်း

ရိုက်နှိပ်ပေးထားပါသည်။

(၁၀) အကယ်၍...သင့်မိတ်ဆွေအတွက် ဂျစ်ပစီတားရော့ဗေဒင်ဟောပြောမည်ဆိုလျှင် ထိုမိတ်ဆွေအားသင်နှင့်မျက်နှာချင်းဆိုင်တွင်ထိုင်စေကာ အထက်တွင်ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း...သူ၏လက်ယာဘက်လက်ဖြင့် ကတ်ပြားထုပ်ကိုထက်ဝက်နေရာခန့်မှ မ,၍ယူစေကာ ကျန်ခဲ့သောကတ်ပြားထုပ်၏အပေါ်ဆုံးမှကတ်ပြားကို ဘေးတိုက်လှန်ချစေလျက်...သူ့ဘက်ရှုထောင့်မှမြင်ရသောအနေအထားအတိုင်းပင် အဓိပ္ပာယ်ဟောပြောချက်ကိုရှာဖွေ၍ ဖတ်ရှုဟောပြောပေးနိုင်ပါသည်။ သူ့ဘက်မှအတည့်မြင်လျှင် သင့်ဘက်မှပြောင်းပြန်၊ သူ့ဘက်မှပြောင်းပြန်မြင်လျှင် သင့်ဘက်မှအတည့်မြင်ရမည်ဖြစ်ရာ သူ့ဘက်မှအတည့်မြင်သောအနေအထားနှင့်အဓိပ္ပာယ်ဟောပြေ ချက်စာမျက်နှာနံပါတ်ကိုအမှန်ယူ၍ ဖတ်ရှုဟောပြောပေးရမည်ဖြစ်ပါသည်

(၁၁) အထူးသတိပြုရမည့်အချက်မှာ ဂျစ်ပစီတားရော့ကတ်ပြားထုပ် မ,ယူခြင် ကို တစ်ကြိမ်တည်းသာအပြီးအပိုင်လုပ်ရမည်ဖြစ်ပါသည်။ ဂျစ်ပစီတားရေ ကတ်ပြားထုပ်ကို မ,ယူပြီးမှ...မကြိုက်၍ပြန်ချကာ နောက်ထပ်တစ်ကြိ ပြောင်းလဲ၍ မ,ယူခြင်းမျိုးကို လုံးဝမပြုလုပ်ပါနှင့်။



(၁၂) နေ့ရက်တစ်ရက်တည်းတွင်...ဂျစ်ပစီတားရော့ကတ်ပြားဖြင့်ဟောပြောခဲ့ခြင်းကို လူတစ်ယောက်တည်းမှနှစ်ကြိမ်မပြုလုပ်ရပါ။ တစ်ရက်လျှင်တစ်ကြိမ်သာ...ဂျစ်ပစီတားရော့ကတ်ပြားဖြင့် ကံကြမ္မာဗေဒင်ဟောပြောခံယူခြင်းပြုသင့်ပါသည်။

## မူရင်းတားရော့ကတ်(The MaJor Arcana)

## အဓိပ္ပာယ်ဟောပြောချက်များ

ဤစာအုပ်တွင်...မူရင်းတားရော့ကတ်(၂၂)မျိုးတို့၏ အတည့်အဓိပ္ပာယ်ဟောပြောချက်၂၂မျိုးနှင့် ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်၂၂မျိုးတို့ကို အလွယ်တကူဖတ်ရှုနိုင်ရန်စီစဉ်ဖော်ပြပေးထားပါသည်။

အဓိပ္ပာယ်ဟောပြောချက်တစ်မျိုးတွင် အပိုင်းနှစ်ပိုင်းခွဲထားပါသည်။

အပိုင်း(၁)တွင်...(က) စီးပွားရေး၊ (ခ) လူမှုရေး (ဂ) အချစ်ရေး (ဃ)အိမ်ထောင်ရေးတို့အတွက် ဟောပြောချက်များပါဝင်ပါသည်။

အပိုင်း(၂)တွင်...(င) ယနေ့အတွက်သီးသန့်ဟောပြောချက်၊ နှင့်



(စ) ယနေ့အတွက်အကျိုးပေးသည့်ကိန်းဂဏန်းများကိုဖော်ပြထားပါသည်။

သင့်အနေနှင့်...ဂျစ်ပစီတားရော့ဗေဒင်ကို တစ်လလျှင်တစ်ကြိမ်၊ (သင်၏မွေးနေ့တွင်ကြည့်လျှင်...အကောင်းဆုံးဖြစ်ပါသည်)ရက်သတ်မှတ်၍ ပုံမှန်ကြည့်ရှုပြီး အပိုင်း(၁)တွင်ပါရှိသည့် စီးပွားရေး၊ လူမှုရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေးဟောပြောချက်များကိုမှတ်သား၍ ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာကျင့်ကြံသင့်ပါသည်။

မွေးနေ့မဟုတ်သည့်အခြားနေ့ရက်များတွင်ကြည့်လျှင်မူ အပိုင်း(၂)တွင်ပါရှိသည့်...ယနေ့အတွက်သီးသန့်ဟောပြောချက်နှင့် ယနေ့အတွက်အကျိုးပေးသည့်ကိန်းဂဏန်းများကိုသာ ဖတ်ရှုမှတ်သားရမည်ဖြစ်ပါသည်။

❑ ❑ ❑

## CARD-0 *THE FOOL*

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) ဝင်ငွေကောင်းနေမည့်အချိန်ဖြစ်သည်။ နှောင့်ယှက်နေသည့်ပြိုင်ဘက်များစွာရှိနေသည်ကိုသတိပြုပါ။ ငွေကြေးများစွာစုဆောင်းမိနိုင်သည့်အချိန်ဖြစ်သောကြောင့် ငွေကြေးစုဆောင်းပါ။

(ခ) စိတ်ထဲရှိသည့်အတိုင်းပြောဆိုတတ်သောကြောင့် ရန်သူပေါ်များနေမည်။ အပေါင်းအသင်းများက ရှောင်ခွာနေကြလိမ့်မည်။ မည်သူ့ကိုမှုမယုံကြည်တတ်သောကြောင့်..သင့်ဘဝအထီးကျန်ဖြစ်နေလိမ့်မည်။

(ဂ) အချစ်ရေးတွင်ကံကောင်းနေပြီး..အလွန်စန်းပွင့်နေသောအချိန်အခါဖြစ်သည်။ ချစ်သူအပေါ် သံသယစိတ်ဖြင့်ဆက်ဆံနေခြင်းကိုဆင်ခြင်ပါ။

(ဃ) အိမ်ထောင်ရေးတွင် အောင်မြင်မှုများစွာရရှိနေမည်ဖြစ်သည်။ ကြင်နာတတ်သောစိတ်ကြောင့် မိသားစုတွင်ပျော်ရွှင်ရမည့်အချိန်အခါဖြစ်သည်။

### ယနေ့အတွက်ဟောပြောချက်

(င) သင်လုပ်ကိုင်သမျှအကြံအစည်များ အောင်မြင်မည့်နေ့ဖြစ်သည်။ ထီထိုးလိုပါက အနီရောင်ပါသောအကျီကိုဝတ်၍ထိုးပါ။

(စ) ၀ နှင့် ၃ ဂဏန်းများအကျိုးပေးမည်။ ၄ နှင့် ၉ ဂဏန်းမကောင်းပါ။



## CARD-0 *THE FOOL*

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) ငွေကြေးအခက်အခဲများစွာနှင့်ကြုံတွေ့ရလိမ့်မည်။ စီးပွားရေးလုပ်ငန်းတွင် ပြိုင်ဘက်များကြောင့်ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရမည်။ လုပ်ငန်းကိစ္စသစ်အတွက် ရင်းနှီးမြှုပ်နှံမှုများမပြုလုပ်သင့်ပါ။

(ခ) လူတိုင်းအားမြှောက်ပင့်ပြောဆိုဆက်ဆံတတ်သောကြောင့် လူချစ်လူခင်ပေါများနေမည်။ သင့်အားအကူပေးမည့်တပည့်များရှိနေ၍ သတိထားဆက်ဆံနေထိုင်ပါ။ သင်ယုံကြည်လေးစားသူက သင့်အပေါ်အကောက်ကြံနေသည်။

(ဂ) အချစ်ရေးတွင်...ဆုံးရှုံးမှုများဖြင့်ကြုံရမည်ဖြစ်ပြီး သင်၏အတ္တကြီးမားမှုကြောင့် အချစ်ရေးအဆင်မပြေနိုင်ပါ။

(ဃ) အိမ်ထောင်ရေးတွင်...သင်၏တစ်ကိုယ်ကောင်းဆန်တတ်မှုကြောင့် ပြဿနာများစွာဖြစ်နိုင်သဖြင့် ဆင်ခြင်နေထိုင်သင့်ပါသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့လုပ်ငန်းသစ်များ စတင်လုပ်ကိုင်ခြင်းမပြုပါနှင့်။ ငွေကြေးအလိမ်ခံရနိုင်သည်။ လောင်းကစားလုပ်လျှင် အမှုအခင်းနှင့်ကြုံလိမ့်မည်။

(စ) ၅ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၃ ဂဏန်းမကောင်းပါ။

## CARD-1 THE MAGICIAN

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) ငွေကြေးအတွက်ပူပင်ရန်မလိုဘဲ..ပြည့်စုံကြွယ်ဝစွာနေထိုင်နိုင်မည်ဖြစ်ပြီး သင်၏အတတ်ပညာဖြင့်ငွေကြေးများစွာရရှိနိုင်မည်။ သင်အပေါ်မနာလိုသူများစွာရှိနေ၍ ငွေကြေးကိစ္စအရှုပ်အရှင်းများဖြစ်နိုင်သည်ကို သတိပြုပါ။

(ခ) သင်၏အသိဉာဏ်ပညာရင့်ကျက်မြင့်မားမှုကြောင့် အခွင့်အရေးပေါ်များမည်။ တီထွင်ကြံဆလုပ်ကိုင်ရသော ကိုယ်ပိုင်လုပ်ငန်းရှင်များ၊ အတတ်ပညာရှင်များအတွက် အောင်မြင်မှုများစွာရရှိမည့်အချိန်ဖြစ်သည်။

(ဂ) အချစ်ရေးတွင်...သင့်အားချစ်ခင်စွဲလန်းနေသူများစွာရှိသော်လည်း သင်ကိုယ်တိုင်က အချစ်ရေးတွင်စိတ်မဝင်စားဘဲဖြစ်နေတတ်သည်။

(ဃ) အိမ်ထောင်ရေးတွင်...အိမ်ထောင်ဘက်၏ အလိုလိုက်ဂရုစိုက်ခြင်းကိုခံရ၍ စိတ်ချမ်းသာနေမည်။

### ယနေ့အတွက်ဟောပြောချက်

(င) စိတ်ချမ်းသာပျော်ရွှင်ရမည့်နေ့တစ်နေ့ဖြစ်သည်။ မထင်မှတ်ဘဲ ဆုံးရှုံးနေသောငွေများ ပြန်ရလိမ့်မည်။

(စ) ၂ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၁ နှင့် ၄ ဂဏန်းမကောင်းပါ။



## CARD-1 THE MAGICIAN

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) ဝင်ငွေပုံမှန်မရှိဘဲ ငွေကြေးအတွက်ပူပင်သောကများနေရမည်။ ကိုယ်တိုင်အလုပ်လုပ်နိုင်မှသာလျှင် သင့်တင့်စွာစားသောက်နိုင်မည့်အခြေအနေမျိုးဖြစ်နေမည်။ ငွေကြေးအကူအညီပေးမည့်မိတ်ဆွေများနှင့်ကြုံရမည်။

(ခ) ကိုယ်ပိုင်အစွမ်းအစရှိသော်လည်းပျင်းရိနေသောကြောင့် လုပ်ငန်းများတွင်အောင်မြင်မှုမရဘဲဖြစ်နေမည်။ သူတပါးကိုမှီခိုလိုစိတ်ကြောင့် ဦးစီးခေါင်းဆောင်မဖြစ်ဘဲ ထူးချွန်သောတပည့်အဖြစ်သာလုပ်ကိုင်နေရမည်။

(ဂ) အချစ်ရေးတွင်...ချစ်သူကသင့်အား အထင်သေးစွာဆက်ဆံနေခြင်းကြောင့်စိတ်ဆင်းရဲရမည်။ ချစ်သူ၏လှည့်စားလိမ်ညာခြင်းကိုခံရနိုင်သည်။

(ဃ) အိမ်ထောင်ရေးတွင်...အိမ်ထောင်ဘက်နှင့်မသင့်မမြတ်ဖြစ်နေရပြီး အိမ်ထောင်ရေးပြဿနာများကြုံတွေ့ရနိုင်ပါသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ဝင်ငွေများစွာရရှိ၍ စိတ်ချမ်းသာရမည်။ အပေါင်းအသင်းများကို ချေးငှါးပေးပါက ငွေကြေးဆုံးရှုံးရလိမ့်မည်။

(စ) ၀ နှင့် ၁ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၈ ဂဏန်းမကောင်းပါ။

# CARD-2 THE HIGH PRIESTESS

## အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) ငွေကြေးပြည့်စုံစွာဖြင့် အဆင့်အတန်းမြင့်မြင့်နေထိုင်ရမည်ဖြစ်သော်လည်း..လက်ရှိအခြေအနေထက် ပိုမိုမြင့်မားစွာနေထိုင်နိုင်ရန်ခက်ခဲမည်။ ဝင်ငွေကောင်းသော်လည်း ငွေယိုပေါက်များစွာရှိနေသောအချိန်ဖြစ်သည်။

(ခ) လူတိုင်းနှင့်သင့်မြတ်အောင်နေထိုင်တတ်သောကြောင့် လူအများ၏ချစ်ခင်လေးစားခြင်းခံရသော်လည်း သင်၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာစိတ်ဓါတ်အယူအဆမတူညီသူများဖြစ်နေသောကြောင့် သင်စိတ်ဆင်းရဲနေရမည်။

(ဂ) အချစ်ရေးတွင်..သင်ကိုယ်တိုင်ကစိတ်ဝင်စားမှုမရှိသောကြောင့် သင့်အားစွဲလန်းချစ်ခင်နေသူများမှာ စိတ်ဆင်းရဲကြရမည်။

(ဃ) အိမ်ထောင်ရေးတွင်..သင်၏အိမ်ထောင်ဘက်အပေါ် ဩလွှမ်းမိုးနိုင်သူဖြစ်ပြီး အိမ်ထောင်ရေးဘဝတွင်သင့်စိတ်တိုင်းကျနေထိုင်နိုင်မည်။

## ယနေ့အတွက်ဟောပြောချက်

(င) လုပ်ငန်းများအောင်မြင်မှုကြောင့် ပျော်ရွှင်ရမည်။ သက်ကြီးရွယ်အိုတစ်ဦးအားငွေလှူဒါန်းပါက အကျိုးထူးခံစားရမည်။

(စ) ၂ နှင့် ၇ ဂဏန်းများအကျိုးပေးမည်။ ၅ နှင့် ၆ ဂဏန်းမကောင်းပါ။



# CARD-2 THE HIGH PRIESTESS

## ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) အလုပ်ကိုစိတ်ပါလက်ပါကြိုးစားလုပ်ကိုင်ပါက ငွေကြေးများစွာရရှိကာကြီးပွားချမ်းသာနိုင်သည့်အချိန်အခါဖြစ်သည်။ အလှူအတန်းများပြုလုပ်ပေးပါ။ ငွေတစ်ကျပ်လှူလျှင် ငွေတစ်ရာပြန်ဝင်မည့်အချိန်အခါမျိုးဖြစ်သည်။

(ခ) စိတ်အပြောင်းအလဲမြန်လွန်းသောကြောင့် မိတ်ဆွေအပေါင်းအသင်းများကနားလည်မှုလွဲခြင်းနှင့်ကြုံနေရမည်။ သင့်စိတ်ဆန္ဒရှိသည့်အတိုင်းနေထိုင်လုပ်ကိုင်ခြင်းသည်သာအကောင်းဆုံးဖြစ်ပါသည်။

(ဂ) အချစ်ရေးတွင်..သာမန်ထက်လွန်ကဲသောရမ္မက်စိတ်ကြောင့် နာမည်ပျက်ရတတ်သည်။ စိတ်အလိုကို လုံးဝမလိုက်ပါနှင့်။

(ဃ) အိမ်ထောင်ရေးတွင်..ရှုပ်ရှုပ်ထွေးထွေးကိစ္စများနှင့်ကြုံရမည်။ ဆင်ခြင်နေထိုင်ခြင်းမပြုလျှင် အိမ်ထောင်ဆက်များလိမ့်မည်။

## ယနေ့အတွက်ဟောပြောချက်

(င) လုပ်ငန်းသစ်များ လုံးဝမလုပ်ပါနှင့်။ စိတ်ညစ်စရာများနှင့်ကြုံရနိုင်သောနေ့ဖြစ်သောကြောင့် အရာရာတွင်သတိထားလုပ်ကိုင်ပါ။

(စ) ၅ နှင့် ၉ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၇ ဂဏန်းမကောင်းပါ။

## CARD-3 THE EMPRESS

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းတွင်အောင်မြင်မှုရကာ ဝင်ငွေကောင်းနေမည်၊ အမျိုးသမီးများအတွက် ထူးခြားစွာငွေဝင်မည့်အချိန်ကာလဖြစ်သည်။ ငွေကြေးရင်းနှီးမြှုပ်နှံရမည့်လုပ်ငန်းအသစ်များကိုစွန့်စားလုပ်ကိုင်ပါက အောင်မြင်မှုများစွာရရှိမည်။

(ခ) သင်၏ကိုယ်ပိုင်အရည်အချင်းများကြောင့် လူအများ၏ချစ်ခင်လေးစားခြင်းကိုခံရမည်။ မိတ်ဆွေနှင့်တပည့်တပန်းများက လိမ်ညာလှည့်ဖြားခိုးယူနိုင်သဖြင့် ပစ္စည်းဥစ္စာများကိုလုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ပါ။

(ဂ) အချစ်ရေးတွင် မိမိစိတ်တိုင်းကျဖြစ်မည်။ ကြင်နာစိတ်ရှိသော၊ ရိုးသားသောချစ်သူနှင့် ကြုံတွေ့ရပါလိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင် အောင်မြင်မှုရှိမည်၊ သင့်အတွက်အကျိုးပေးမည့်သားသမီးရတနာရရှိနိုင်သည့်အချိန်အခါဖြစ်သည်။

### ယနေ့အတွက်ဟောပြောချက်

(င) ထူးထူးခြားခြားပင် ဝင်ငွေများစွာရရှိနိုင်သည်။ အချစ်ရေးအဆင်ပြေပြီးပျော်ရွှင်စရာကောင်းသောနေ့တစ်နေ့ဖြစ်မည်။

(စ) ၃ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၅ ဂဏန်းမကောင်းပါ။



## CARD-3 THE EMPRESS

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းတွင်..အဆုံးအရှုံးများစွာနှင့် ရင်ဆိုင်နေရမည့်အချိန်ဖြစ်သည်။ လုပ်ငန်းသစ်ပြောင်းလဲလုပ်ကိုင်ခြင်းမပြုသင့်ပါ။ လက်ရှိအချိန်တွင်ပင် ငွေကြေးအရှုပ်အရှင်းများဖြစ်ပေါ်နိုင်သဖြင့် သတိထား၍လုပ်ကိုင်ပါ။

(ခ) သင့်အနားတွင်ဝိုင်းရံနေကြသော မိတ်ဆွေနှင့်တပည့်များက..သင့်အားအကောက်ကြံနေကြလိမ့်မည်။ ငွေကြေးနှင့်ပတ်သက်သောအမှုအခင်းများနှင့်ကြုံရမည်။ အမှုနိုင်ပြီးငွေကြေးများပြန်ရနိုင်သော်လည်း စိတ်ဆင်းရဲရမည်။

(ဂ) အချစ်ရေးတွင်..သင်ချစ်မြတ်နိုးသူက သင့်ထက်အရည်အချင်းသာလွန်သူအားရွေးချယ်သွား၍စိတ်ထိခိုက်ခံစားရမည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်၏တစ်ကိုယ်ကောင်းဆန်စွာနေထိုင်ဆက်ဆံခြင်းကြောင့်စိတ်ဆင်းရဲနေရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) လုပ်ကိုင်မည့်လုပ်ငန်းများ အသင့်အတင့်အဆင်ပြေနိုင်ပါသည်။ ထီထိုးမည်ဆိုလျှင် အမျိုးသမီးကြီးတစ်ဦးရောင်းသည့်ဆိုင်တွင်ထိုးပါ။

(စ) ၆ နှင့် ၉ ဂဏန်းများအကျိုးပေးမည်။ ၃ နှင့် ၈ ဂဏန်းမကောင်းပါ။

## CARD-4 THE EMPEROR

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးတိုးတက်မည်။ လက်ရှိအဆင့်အတန်းထက်မြင့်မားသော အခြေအနေမျိုး၌ပြောင်းလဲနေထိုင်ရလိမ့်မည်။ သင်ကြံစည်ထားသောလုပ်ငန်းများကို စိတ်တိုင်းကျလုပ်ကိုင်ပါ။ အောင်မြင်မှုများစွာရရှိပါလိမ့်မည်။

(ခ) သင်၏လုပ်ငန်းမှအကြီးအကဲ(သို့မဟုတ်)သင့်ထက်ဂုဏ်သိက္ခာကြီးမားသောပုဂ္ဂိုလ်၏အကူအညီများစွာရရှိနိုင်ပါသည်။ သင်ကိုယ်တိုင်ကလည်း မိမိထက်နိမ့်ကျသူများကိုအကူအညီပေးပါ။

(ဂ) အချစ်ရေးတွင်ကံကောင်းနေပြီး ချစ်သူနှင့်လက်ထပ်ဖြစ်တော့မည့်အချိန်ဖြစ်သည်။ ချစ်သူမရှိသေးပါက ချစ်သူကောင်းနှင့်ဆုံရတော့မည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်၏နားလည်မှုကို ပိုမိုရရှိလာမည်။ ခွဲခွာနေရပါက သင့်ထံပြန်ရောက်လာမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အထက်လူကြီးတစ်ဦးထံမှ..အကူအညီရရှိလိမ့်မည်။ သင့်အတွက် ကံကောင်းသောနေ့တစ်နေ့ဖြစ်သည်။

(စ) ၄ နှင့် ၇ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၈ ဂဏန်းမကောင်းပါ။



## CARD-4 THE EMPEROR

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က)စီးပွားရေးလုပ်ငန်းတွင် အခက်အခဲများစွာတွေ့ကြုံရလိမ့်မည်။ အကြံအစည်ကောင်းများကိုလုပ်ကိုင်နေရင်း အနှောင့်အယှက်မျိုးစုံတွေ့ကြုံကာ လုပ်ငန်းများရပ်ဆိုင်းသွားတတ်သည်။ ဆင်ခြင်လုပ်ကိုင်ပါ။

(ခ) လုပ်ငန်းမှအထက်လူကြီး (သို့) မိဘများနှင့်အဆင်မပြေဖြစ်နေမည်။ သင့်ဘက်မှအလျှော့ပေး၍ဆက်ဆံနေထိုင်နိုင်မှသာ အနည်းငယ်အဆင်ပြေနိုင်ပါမည်။ ပတ်ဝန်းကျင်ကလည်း သင့်ကိုသာအပြစ်မြင်နေကြလိမ့်မည်။

(ဂ) အချစ်ရေးတွင်..သင့်အားလှည့်စားနေသည့်ချစ်သူကြောင့်စိတ်ဆင်းရဲနေရမည်။ သင့်ဘက်မှရှောင်နိုင်လျှင်ကောင်းပါသည်။

(ဃ) အိမ်ထောင်ရေးတွင် အိမ်ထောင်ဘက်၏သစ္စာမဲ့သောအပြုအမူကြောင့် စိတ်သောကရောက်ရမည်။ အိမ်ထောင်ကွဲကိန်းရှိနေသည်။

### ယနေ့အတွက်ဟောပြောချက်

(င) အနည်းငယ်ညံ့ပါသည်။ စိတ်ကိုလျှော့ချ၍ လူတိုင်းနှင့်သင့်မြတ်အောင်ဆက်ဆံနိုင်မှသာအဆင်ပြေပါလိမ့်မည်။

(စ) ၀ နှင့် ၅ ဂဏန်းများအကျိုးပေးမည်။ ၄ နှင့် ၇ ဂဏန်းမကောင်းပါ။

## CARD-5 *THE HIEROPHANT*

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးလုပ်ငန်းများကို..ကတိသစ္စာတည်ကြည်စွာလုပ်ကိုင်လျှင် အောင်မြင်မှုများစွာရရှိမည်။ မှုတသောအမြတ်အစွန်းကိုသာရယူခံစားပါက လုပ်ငန်းပိုမိုအောင်မြင်ကာ အကျိုးကျေးဇူးများစွာရရှိနိုင်ပါသည်။

(ခ) ဉာဏ်ပညာအရာတွင်ထက်မြက်သူဖြစ်သောကြောင့် ကြည်ညိုလေးစားသူပေါ်များမည်။ တပည့်တပန်းများအားကြည့်ရှုစောင့်ရှောက်တတ်သောကြောင့် ချစ်ခင်ကြည်ညိုသူပေါ်များပါမည်။

(ဂ) အချစ်ရေးတွင်..ချစ်သူ၏မနာလိုစိတ်ဖြင့်အထင်အမြင်လွဲမှားနေခြင်းကိုတွေ့ကြုံရမည်။ နားလည်အောင်ဖြေရှင်းပြလိုက်ပါ။

(ဃ) အိမ်ထောင်ရေးတွင်..သူတပါးကိစ္စများကိုဝင်ရောက်ဖြေရှင်းနေသောကြောင့် မိသားစုအရေးကိုအချိန်မပေးနိုင်ဘဲအဆင်မပြေဖြစ်နေတတ်သည်။

### ယနေ့အတွက်ဟောပြောချက်

(င) သင့်အတွက် အလွန်ကောင်းမွန်သောနေ့ဖြစ်သည်။ ကိစ္စအားလုံး အောင်မြင်ကာ ချစ်သူနှင့်လည်းအဆင်ပြေပါမည်။

(စ) ၃ နှင့် ၅ ဂဏန်းများအကျိုးပေးမည်။ ၄ နှင့် ၆ ဂဏန်းမကောင်းပါ။



## CARD-5 *THE HIEROPHANT*

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးလုပ်ငန်းများတွင်..မတော်လောဘဖြင့်စီးပွားရှာလိုသောစိတ်ကြောင့် အောင်မြင်မှုမရဘဲဖြစ်နေမည်။ ရိုးသားစွာစီးပွားရှာလိုစိတ်မရှိဘဲ..ဖြတ်လမ်းနည်းဖြင့်ကြီးပွားလိုသောကြောင့် ပြဿနာဖြစ်တတ်သည်။

(ခ) ဉာဏ်ပညာထက်မြက်သော်လည်း..အတ္တစိတ်ကြီးမားၡ၍တစ်ကိုယ်ကောင်းဆန်လွန်းသောကြောင့် လူမုန်းများနေလိမ့်မည်။ ကူညီနိုင်သူများကိုကူညီပေးပါက..သင့်ဘဝအတွက်ပိုကောင်းပါမည်။

(ဂ) အချစ်ရေးတွင်..သင့်အပေါ်၌ နားလည်ခွင့်လွှတ်တတ်သောချစ်သူမျိုးနှင့်တွေ့ရလိမ့်မည်။ စာနာတတ်သောချစ်သူကြောင့်စိတ်ချမ်းသာရမည်။

(ဃ) အိမ်ထောင်ရေးတွင် သင်၏မိသားစုအားဂရုစိုက်ကြင်နာတတ်မှုကြောင့် အိမ်ထောင်ရေးသာယာချမ်းမြေ့ပါမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အနည်းငယ်ညံ့ပါသည်။ ကတိပျက်ကွက်သောကြောင့် ပြဿနာဖြေရှင်းရတတ်သည်။

(စ) ၄ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၃ နှင့် ၅ ဂဏန်းမကောင်းပါ။

## CARD-6 THE LOVERS

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးအဆင်ပြေနေသော်လည်း ဆက်လက်လုပ်ကိုင်ရမည့်လုပ်ငန်း အခြေအနေမှာ လမ်းဆုံတစ်ခုသို့ရောက်ရှိနေပြီဖြစ်သည်။ လုပ်ငန်းနှစ်ခုမှ တစ်ခုကိုလုပ်ကိုင်ရန် ဦးနောက်ဖြင့်ဆင်ခြင်ဆုံးဖြတ်သင့်သည်။

(ခ) သင်၏ဆန်းသစ်သောအတွေးအခေါ်များကြောင့် ပတ်ဝန်းကျင်မှဝေဖန် ခြင်းများကိုခံစားရလိမ့်မည်။ သင့်အနေနှင့်မှန်သည်ဟုယုံကြည်လျှင် ဆက် လက်လုပ်ဆောင်ပါ။ အောင်မြင်ပါလိမ့်မည်။

(ဂ) အချစ်ရေးတွင်..သင့်အားချစ်ခင်သူအလွန်ပေါများနေလိမ့်မည်။ အချစ် ရေးကိစ္စများကြောင့် စိတ်ရှုပ်ထွေးမှုများကြုံရလိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင်..သင့်ကြောင့်အိမ်ထောင်ရေးကိစ္စများရှုပ်ထွေး နေပါလိမ့်မည်။ စိတ်အလိုကိုမလိုက်ဘဲနေနိုင်မှသာ အဆင်ပြေပါလိမ့်မည်။

### ယနေ့အတွက်ဟောပြောချက်

(င) ကိစ္စအားလုံးအဆင်ပြေမည့်နေ့ဖြစ်သည်။ ချိန်းဆိုထားသောကိစ္စများ အတွက် အချိန်ကိုတိတိကျကျလိုက်နာပါ။

(စ) ၆ နှင့် ၇ ဂဏန်းများအကျိုးပေးမည်။ ၃ နှင့် ၇ ဂဏန်းမကောင်းပါ။



## CARD-6 THE LOVERS

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းများအဆင်ပြေနေမည်။ လုပ်ငန်းကိုအာရုံစူးစိုက်လုပ်ဆောင်၍ တာဝန်ဝတ္တရားများကိုကျေပွန်အောင်ကြိုးစားလုပ်ဆောင်ပါ။ ငွေကြေးအလေ အလွင့်များနေပြီး ပစ္စည်းအပျောက်အရှများနေပါမည်။

(ခ) မိတ်ဆွေအပေါင်းအသင်းများနှင့်တိုင်ပင်ဆွေးနွေး၍ သင်၏မှားယွင်းနေ သောအတွေးအခေါ်များကိုဆန်းစစ်ပါ။ မိတ်ဆွေကောင်းများ၏အကူအညီ ဖြင့် သင်ကြုံတွေ့နေရသည့်အခက်အခဲများကိုဖြေရှင်းသင့်ပါသည်။

(ဂ) အချစ်ရေးတွင်..သင့်အားအလွန်မုန်းတီးနေသည့်ဆန့်ကျင်ဘက်လိင် နှစ်ယောက်ကြောင့် အချစ်ရေးပြဿနာများစွာကြုံတွေ့နေရပါမည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်နှင့်ငွေကြေးကိစ္စကြောင့်စကား များရမည်။ စိတ်သဘောထားခြင်းမတိုက်ဆိုင်၍ လမ်းခွဲရနိုင်သည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ညံ့ပါသည်။ ငွေရနိုင်မည့်ကိစ္စများနှင့်လွဲချော်ကာ မိမိက ငွေကုန်ကျမည့်ကိစ္စများနှင့်သာရင်ဆိုင်နေရပါမည်။

(စ) ၁ နှင့် ၉ ဂဏန်းများအကျိုးပေးမည်။ ၆ နှင့် ၇ ဂဏန်းမကောင်းပါ။

## CARD-7 THE CHARIOT

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းတွင်အခက်အခဲမှန်ကိုဖြေရှင်းနိုင်ပြီး လုပ်ငန်းများအောင်မြင်မှုများစွာရရှိနေကာ ဝင်ငွေကောင်းနေမည်။ လုပ်ငန်းကိစ္စဖြင့်ခရီးထွက်ရလျှင် ငွေကြေးများစွာရရှိနိုင်ပါသည်။

(ခ) ပတ်ဝန်းကျင်မှလူများ၏ဝေဖန်မှုကိုဂရုမစိုက်ဘဲ သင်ယုံကြည်သည့်အတိုင်းသာလုပ်ဆောင်ပါ။ ရပ်ဝေးရှိမိတ်ဆွေများထံမှ သင့်အတွက်ပျော်ရွှင်စရာသတင်းကောင်းများကြားရမည်။

(ဂ) အချစ်ရေးတွင်ကံကောင်းပြီး အလွန်စန် ပွင့်နေသောအချိန်အခါဖြစ်သည်။ သင့်အား..အမှန်တကယ်ချစ်မြတ်နိုးနေသူနှစ်ဦးမကရှိနေပါသည်။

(ဃ) အိမ်ထောင်ရေးအဆင်ပြေ၍ စိတ်ချမ်းသာရမည်။ ရပ်ဝေးခရီးထွက်ရလျှင် စိတ်ချမ်းသာရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ညံ့ပါသည်။ လုပ်ငန်းကိစ္စကြောင့် (သို့) လူမှုရေးကိစ္စကြောင့် စကားများရန်ဖြစ်ရတတ်သည်။

(စ) ၂ နှင့် ၇ ဂဏန်းများအကျိုးပေးမည်။ ၃ နှင့် ၅ ဂဏန်းမကောင်းပါ။



## CARD-7 THE CHARIOT

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) ငွေကြေးအခက်အခဲများနှင့်ရင်ဆိုင်နေရမည်။ လုပ်ငန်းတွင်ပြဿနာများစွာကြုံနေပါမည်။ လုပ်ငန်းကိစ္စဖြင့်ရပ်ဝေးသို့ခရီးထွက်ရလျှင် ဆုံးရှုံးမှုများစွာနှင့်ရင်ဆိုင်ရနိုင်သည်။

(ခ) မိတ်ဆွေကောင်းများထံမှအကြံဉာဏ်များစွာရရှိမည်။ လိုက်နာဆောင်ရွက်လျှင် သင့်အတွက်အကျိုးများနိုင်ပါသည်။ ရပ်ဝေးရှိဆွေမျိုးရင်းခြာတစ်ဦး၏သတင်းဆိုးကိုကြားရနိုင်ပါသည်။

(ဂ) အချစ်ရေးတွင်..မျက်နှာများသူအဖြစ် သင်ချစ်မြတ်နိုးနေသူကစွပ်စွဲခြင်းခံရမည်။ ချစ်သူ၏စွန့်ပစ်ခြင်းခံရမည်။

(ဃ) အိမ်ထောင်ရေးတွင် သားသမီးများကြောင့်စိတ်ဆင်းရဲနေရမည်။ ငွေကြေးကိစ္စကြောင့် အိမ်ထောင်ဘက်နှင့်စကားများနေရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ကောင်းပါသည်။ မိတ်ဆွေများ၏အကူအညီဖြင့် အခက်အခဲများပြေလည်နိုင်ပါသည်။

(စ) ၃ နှင့် ၆ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၇ ဂဏန်းမကောင်းပါ။

## CARD-8 JUSTICE

### အတည့်အစီပွာယ်ဟောပြောချက်

(က) လုပ်ငန်းအသစ်များပြောင်းလဲလုပ်ကိုင်၍ အောင်မြင်မှုများစွာရရှိကာ ငွေကြေးပြည့်စုံကြွယ်ဝမည်။ အခွင့်အရေးကောင်းများကို ရဲရဲဝံ့ဝံ့လုပ်ကိုင်နိုင်သောကြောင့်လုပ်ငန်းတိုးတက်မည်။

(ခ) ပတ်ဝန်းကျင်နှင့်အဆင်ပြေစွာနေထိုင်နိုင်လိမ့်မည်။ လေးစားချစ်ခင်သူပေါများမည်။ မှန်ကန်သည့်ဘက်မှရဲဝံ့စွာရပ်တည်ပေးသောကြောင့် အကျိုးထူးများခံစားရမည်။

(ဂ) အချစ်ရေးတွင်..သင်ချစ်မြတ်နိုးနေသူထံမှ ပြတ်ပြတ်သားသားအဖြေတစ်ခုကိုရရှိတော့မည့်အချိန်ဖြစ်သည်။ သင့်ဆန္ဒအတိုင်းဖြစ်လာမည်။

(ဃ) အိမ်ထောင်ရေးအဆင်ပြေနေမည်။ အိမ်ထောင်ဘက်ရရှိသောအမွေပစ္စည်းများကြောင့် ဘဝမြင့်မားတိုးတက်မည်။

### ယနေ့အတွက်ဟောပြောချက်

(င) ပျော်စရာကောင်းသောနေ့တစ်နေ့ဖြစ်မည်။ မျှတစွာဆောင်ရွက်သောကြောင့် အကျိုးအမြတ်များစွာရရှိလိမ့်မည်။

(စ) ၃ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၆ နှင့် ၉ ဂဏန်းမကောင်းပါ။



## CARD-8 JUSTICE

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) မိတ်ဆွေများကပေးသည့်အကြံဉာဏ်များအတိုင်းလုပ်ဆောင်သောကြောင့် လုပ်ငန်းတွင်အဆုံးအရှုံးများနေမည်။ မိမိယုံကြည်သည့်အတိုင်းသာလုပ်ကိုင်ပါ။ အောင်မြင်မှုများစွာရရှိမည်။

(ခ) သင့်အပေါ်တွင်မနာလိုဖြစ်နေသောမိတ်ဆွေတစ်ဦးက အကောက်ကြံ၍ဒုက္ခပေးလိမ့်မည်။ လူတိုင်းကိုမယုံကြည်ပါနှင့်။ မိတ်ဆွေစစ်နည်းပါးနေသည့်အချိန်ကာလဖြစ်သည်။

(ဂ) အချစ်ရေးတွင်..သင်စွဲလန်းမြတ်နိုးနေသူက သင့်ထက်အဆင့်အတန်းသာလွန်မြင့်မားသူအားရွေးချယ်လိုက်သောကြောင့် စိတ်ထိခိုက်ခံစားရမည်။

(ဃ) အိမ်ထောင်ရေးတွင် အိမ်ထောင်ဘက်၏ငွေကြေးအသုံးအစွဲကြီးမားမှုကြောင့် မိသားစုဒုက္ခရောက်ရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ညံ့ပါသည်။ ကြိုးစားသမျှအရာမထင်နိုင်ဘဲဖြစ်နေလိမ့်မည်။ ငွေကြေးအကုန်အကျများမည်။

(စ) ၆ နှင့် ၉ ဂဏန်းများအကျိုးပေးမည်။ ၃ နှင့် ၈ ဂဏန်းမကောင်းပါ။

## CARD-9 THE HERMIT

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းများအောင်မြင်နေမည်။ ကြိုးစားလုပ်ဆောင်နိုင်ပါက ပိုမို၍ အောင်မြင်မှုများစွာရရှိနိုင်ပါသည်။ အောက်ခြေဝန်ထမ်းများက ဒုက္ခအကြီးအကျယ်ပေးနိုင်သည်ကိုသတိပြုပါ။

(ခ) အပေါင်းအသင်းများကိုခင်တွယ်စိတ်မရှိဘဲ တစ်ဦးတည်းအထီးကျန်စွာနေထိုင်လိုစိတ်ကြောင့် မိတ်ဆွေအပေါင်းအသင်းနည်းနေလိမ့်မည်။ သင့်ပတ်ဝန်းကျင်က သင့်အားယုံကြည်လေးစားစိတ်ရှိနေမည်။

(ဂ) အချစ်ရေးတွင် သင်ကိုယ်တိုင်ကစိတ်ဝင်စားမှုနည်းပါးနေဘို့ဖြစ်သည်။ အချစ်စစ်၊ အချစ်မှန်ကိုတွေ့ရှိလိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်ကိုစိတ်ကျေနပ်နေသော်လည်း ကြင်နာစိတ်ရှိသူဖြစ်သောကြောင့် အဆင်ပြေချောမွေ့နေမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ကောင်းပါသည်။ အနာဂတ်အတွက်အနည်းငယ်ချွေတာထားသော်လည်း သင်အား ဒုက္ခမပေးနိုင်ပါ။

(စ) ၃ နှင့် ၉ ဂဏန်းများ အကျိုးပေးမည်။ ၂ နှင့် ၈ ဂဏန်း မကောင်းပါ။



## CARD-9 THE HERMIT

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) သင့်ထက်အတွေ့အကြုံရင့်ကျက်သူများ၏အကြံဉာဏ်ကိုလက်မခံဘဲ..ခေါင်းမာစွာလုပ်ဆောင်နေခြင်းကြောင့် လုပ်ငန်းများကျဆင်းနေမည်။ အချိန်မီပြင်ဆင်နိုင်လျှင် ကောင်းပါသည်။

(ခ) မိတ်ဆွေအပေါင်းအသင်းများနှင့်တွဲ၍..အပျော်အပါးကိစ္စများတွင်သာ အချိန်ကုန်နေတတ်သည်။ ပတ်ဝန်းကျင်၏အထင်သေးခြင်းခံရမည်။ မဆင်ခြင်ပါက်..အမှုအခင်းများနှင့်ကြုံတွေ့နိုင်သည်။

(ဂ) အချစ်ရေးတွင်..လွန်ကဲသောရမ္မက်စိတ်ကြောင့်အချစ်စစ်ကိုရှာဖွေ၍မရနိုင်ပါ။ အချစ်ပျာ၊ အချစ်ယောင်များဖြင့်အချိန်ကုန်နေရမည်။

(ဃ) အိမ်ထောင်ရေးတွင်..သင်၏ရှုပ်ရှုပ်ထွေးထွေးကိစ္စများကြောင့် အိမ်ထောင်ဘက်နှင့်စကားများရမည်။ အိမ်ထောင်ပျက်ကိန်းရှိနေသည်။

### ယနေ့အတွက်ဟောပြောချက်

(င) အနည်းငယ်ညံ့နေသည်။ ဆင်ဆင်ခြင်ခြင်နေထိုင်သွားလာပါက သင့်အတွက်အကျိုးထူးများခံစားရရှိနိုင်ပါသည်။

(စ) ၁ နှင့် ဂ ဂဏန်းများအကျိုးပေးမည်။ ၃ နှင့် ၉ ဂဏန်းမကောင်းပါ။

## CARD-10 WHEEL OF FORTUNE

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) အလုပ်အကိုင်အပြောင်းအလဲနှင့်ကြုံရမည်။ ပြောင်းလဲလုပ်ကိုင်လိုက်ပါ။ စွန့်စားရမည့်အလုပ်အကိုင်မျိုးဖြစ်သော်လည်း သင်အောင်မြင်ပါမည်။ ပြိုင်ဘက်များကိုအမြဲတမ်းဂရုစိုက်၍အလုပ်လုပ်ပါ။

(ခ) လူမှုရေးပြဿနာများနှင့်တွေ့ကြုံရမည်။ သင့်ဘက်မှမှားယွင်းနေပါက တစ်ဘက်လူကျေနပ်အောင်..ကြိုးစားလုပ်ဆောင်ပေးပါ။ ပတ်ဝန်းကျင်၏ ဝေဖန်ခြင်းကို ခံနိုင်ရည်ရှိအောင်ကြိုးစားနေထိုင်ပါ။

(ဂ) အချစ်ရေးတွင် ကံကောင်းနေမည်။ ချစ်သူနှင့်ပေါင်းဖက်ရသောကြောင့် စိတ်ချမ်းသာပျော်ရွှင်နေရမည်။

(ဃ) အိမ်ထောင်ရေးတွင်..စိတ်ကျေနပ်ပျော်ရွှင်ရမည်။ အကျိုးပေးသည့် သားသမီးရတနာထွန်းကားမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက် ကောင်းပါသည်။ ထင်ထားသည့်အတိုင်းဖြစ်မလာဘဲ မထင်မှတ်သည့်နေရာမှ အကျိုးထူးများခံစားရမည်။

(စ) ၀ နှင့် ၁ ဂဏန်းများအကျိုးပေးမည်။ ၃ နှင့် ၈ ဂဏန်းမကောင်းပါ။



## CARD-10 WHEEL OF FORTUNE

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) မထင်မှတ်ဘဲ..လုပ်ငန်းများတွင် ထူးထူးခြားခြားအောင်မြင်မှုများစွာ ရရှိလာပါမည်။ စီးပွားရေးလုပ်ငန်းတွင်..အပြောင်းအလဲများစွာကြုံရမည်ဖြစ်သော်လည်း ကောင်းသောအပြောင်းအလဲများဖြစ်သည်။

(ခ) သင်နှင့်မသက်ဆိုင်သောကိစ္စများအတွက် စွပ်စွဲပြောဆိုခြင်းခံနေရမည်။ သည်းခံနိုင်လျှင် သင့်အတွက်ကောင်းပါသည်။ ပတ်ဝန်းကျင်နှင့်သင့်မြတ်အောင်ကြိုးစားနေထိုင်နိုင်လျှင် အကျိုးများပါမည်။

(ဂ) အချစ်ရေးတွင်..ချစ်သူ၏တစ်ဘက်သတ်စွပ်စွဲခြင်းကိုခံရသောကြောင့် စိတ်ညစ်နေရမည်။ မကြာမီပြေလည်သွားပါမည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်နှင့်စိတ်ဝမ်းကွဲပြားနေရမည်။ သင့်ဘက်မှမှန်ကန်သော်လည်း အလျှော့ပေးလိုက်လျှင်ပိုကောင်းသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်အလွန်ညံ့နေပါသည်။ အရေးကြီးသောကိစ္စများကို ရက်ရွှေ့ပြောင်း၍လုပ်ကိုင်သင့်သည်။

(စ) ၂ နှင့် ၃ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၁ ဂဏန်းမကောင်းပါ။

## CARD-11 STRENGTH

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) အလွန်ခက်ခဲသောလုပ်ငန်းများကို သင်၏ထက်မြက်သောဉာဏ်စွမ်း ဖြင့်အောင်မြင်စွာလုပ်ကိုင်နိုင်သောကြောင့် ချမ်းသာကြွယ်ဝစွာနေထိုင်ရမည် ဖြစ်ပြီးထင်ရှားကျော်ကြားမည်။

(ခ) မိသားစုအသိုင်းအဝိုင်းတွင် ဦးစီးခေါင်းဆောင်တစ်ယောက်အဖြစ်တာ ဝန်ယူနေထိုင်ရလိမ့်မည်။ ရဲရဲဝံ့ဝံ့ပြတ်သားစွာလုပ်ကိုင်တတ်သောအရည်အချင်း ကြောင့် လူအများ၏လေးစားခြင်းခံရမည်။

(ဂ) အချစ်ရေးတွင် ကံမကောင်းနိုင်သေးပါ။ အနှောင့်အယှက်မျိုးစုံကြုံနေ ရလိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင်..အထင်လွဲမှားစရာများနှင့်ကြုံတွေ့ရနိုင်ပါသည်။ စိတ်ကိုအလျှော့မပေးနိုင်ပါက အိမ်ထောင်ပျက်ကိန်းရှိသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ညံ့ပါသည်။ စိတ်ဆင်းရဲရမည့်ကိစ္စများနှင့်ကြုံတွေ့ရနိုင် သောကြောင့် စကားအပြောအဆိုဆင်ခြင်သင့်ပါသည်။

(စ) ၀ နှင့် ၂ ဂဏန်းများအကျိုးပေးမည်။ ၅ နှင့် ၇ ဂဏန်းမကောင်းပါ။



## CARD-11 STRENGTH

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းများဆောင်ရွက်ရာတွင် ပြတ်ပြတ်သားသားဆောင်ရွက်ခြင်း မရှိဘဲတွေဝေနေတတ်သောကြောင့်..အဆုံးအရှုံးများစွာနှင့်ရင်ဆိုင်နေရမည်။ ဆုံးဖြတ်ချက်ပြတ်သားရန်လိုအပ်ပါသည်။

(ခ) ဆွေမျိုးများနှင့်မိတ်ဆွေအသိုင်းအဝိုင်းကြားတွင် သင်၏တွေဝေနေမှု ကြောင့်ဝိုင်းပယ်ခြင်းခံနေရလိမ့်မည်။ မိမိ၏အတ္တစိတ်များကိုဖျောက်ဖျက်၍ မိတ်ဆွေများအားသည်းခံပေါင်းသင်းပါ။

(ဂ) အချစ်ရေးတွင်ကံကောင်းနေပြီး ဘဝအတွက်လက်တွဲရမည့်လက်တွဲ ဖော်အစစ်အမှန်ကိုတွေ့ရလိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင် မိသားစုအပေါ်ကြင်နာစိတ်ရှိသောကြောင့် ပျော် ရွှင်သည့်ဘဝကိုပိုင်ဆိုင်ရလိမ့်မည်။

### ယနေ့အတွက်ဟောပြောချက်

(င) သင်ပြောဆိုသမျှကိစ္စရပ်များ အောင်မြင်နိုင်မည့်အချိန်အခါဖြစ်သည်။ ထို့ကြောင့် ပါက အရောင်မှိုင်းသောအဝတ်အစားများကိုဝတ်ဆင်သွားပါ။

(စ) ၅ နှင့် ၆ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၂ ဂဏန်းမကောင်းပါ။

## CARD-12 THE HANGED MAN

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းတွင် အဆင်မပြေမှုများစွာနှင့်ကြုံတွေ့ရနိုင်ပါသည်။ ဇွဲမလျှော့ဘဲကြိုးစားလုပ်ဆောင်ပါက..အောင်မြင်မှုများပြန်လည်ရရှိလာနိုင်ပါသည်။ ငွေကြေးကိစ္စတွင်..လက်မလွှယ်ပါနှင့်။ လူလိမ်ခံရတတ်သည်။

(ခ) သင်ကမှန်ကန်စွာလုပ်ဆောင်သော်လည်း သင့်ပတ်ဝန်းကျင်မှလူများ၏အထင်လွဲမှားခြင်းကိုရင်ဆိုင်ရမည်။ သည်းခံစိတ်မွေးမြူနေထိုင်နိုင်လျှင် သင့်အပေါ်နားလည်လာကြပါလိမ့်မည်။

(ဂ) အချစ်ရေးတွင်..ချစ်သူနှင့်ပြဿနာဖြစ်မည်။ စိတ်ရှည်ရှည်မထားနိုင်ပါက သင့်အပေါ်သစ္စာမရှိသောချစ်သူအသစ်နှင့်တွေ့လိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်ကသင့်အပေါ်အထင်လွဲနေမည်။ အိမ်ထောင်ပျက်သည်အထိဖြစ်နိုင်ပါသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ညံ့ပါသည်။ သင်လုပ်ဆောင်ရမည့်လုပ်ငန်းများ အဆင်ပြေမည်မဟုတ်ပါ။ ငွေလိမ်ခံရနိုင်သောကြောင့် သတိပြုနေထိုင်ပါ။

(စ) ၁ နှင့် ၃ ဂဏန်းများအကျိုးပေးမည်။ ၆ နှင့် ၇ ဂဏန်းမကောင်းပါ။



## CARD-12 THE HANGED MAN

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းများတွင်စွန့်စားလုပ်ကိုင်လိုစိတ်များဖြစ်ပေါ်နေမည်။ စွန့်စားလုပ်ကိုင်ပါက ပြဿနာများစွာဖြစ်ပေါ်လာလိမ့်မည်။ လောင်းကစားလုပ်ငန်းဖြင့်စီးပွားရှာပါက အချုပ်အနှောင်ခံရလိမ့်မည်။

(ခ) အတ္တကြီးမားသောသင့်စိတ်ဓါတ်ကြောင့် မိတ်ဆွေစစ်များကရှောင်ခွာသွားကြလိမ့်မည်။ မိတ်ဆွေအတုအယောင်များကြောင့် နာမည်ပျက်ရမည်။ ဆင်ခြင်နေထိုင်နိုင်မှသာ သင့်ဘဝနောင်ရေးအဆင်ပြေမည်။

(ဂ) အချစ်ရေးတွင် အလွန်စန်းပွင့်နေသောအချိန်ဖြစ်သည်။ မထင်မှတ်ဘဲ အိမ်ထောင်ကျကိန်းရှိသည်။

(ဃ) အိမ်ထောင်ရေးအဆင်ပြေမည်။ အိမ်ထောင်ဘက်ထံမှ သင်လိုအပ်နေသောငွေကြေးအကူအညီများရရှိမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ကောင်းပါသည်။ လုပ်သမျှအဆင်ပြေ၍ ငွေကြေးများစွာရရှိနိုင်သောနေ့တစ်နေ့ဖြစ်သည်။

(စ) ၅ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၁ နှင့် ၃ ဂဏန်းမကောင်းပါ။

## CARD-13 DEATH

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းတွင်အဆုံးအရှုံးများနေသောကြောင့် လုပ်ငန်းဟောင်းကိုစွန့်လွှတ်ရလိမ့်မည်။ လုပ်ငန်းသစ်တစ်ခုကိုပြန်လည်လုပ်ကိုင်ရမည်ဖြစ်ပြီး စီးပွားပြိုင်ဘက်များ၏အနိုင်ကျင့်ခြင်းကိုခံနေရမည်။

(ခ) စိတ်ရှုပ်ထွေးကာစိတ်အလိုအတိုင်းပြုမူနေထိုင်သောကြောင့် မိတ်ဆွေများ၏ဝိုင်းပယ်ခြင်းကိုခံရလိမ့်မည်။ စိတ်ဓါတ်မကျဘဲ သင့်ဘဝကိုပြန်လည်ထူထောင်နိုင်အောင်ကြိုးစားသင့်သည်။

(ဂ) အချစ်ရေးတွင်..အလွန်ကံဆိုးနေသောအချိန်ဖြစ်သည်။ သင့်ချစ်သူက သစ္စာဖေါက်သွားခြင်းကိုခံစားနေရလိမ့်မည်။

(ဃ) အိမ်ထောင်ရေးညံ့ပါသည်။ အိမ်ထောင်ဘက်၏စာရိတ္တကြောင့် စိတ်ဆင်းရဲနေရမည်။ အိမ်ထောင်ကွဲသွားနိုင်သည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ညံ့သောနေ့ဖြစ်သည်။ ငွေကြေးဆုံးရှုံးမှုနှင့်ကြုံတွေ့ရနိုင်သည်။ အဖိုးတန်ပစ္စည်းပျောက်ဆုံးနိုင်သည်။

(စ) ၀ နှင့် ၄ ဂဏန်းများအကျိုးပေးမည်။ ၁ နှင့် ၇ ဂဏန်းမကောင်းပါ။



## CARD-13 DEATH

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) အလွန်ကောင်းမွန်သောလုပ်ငန်းသစ်တစ်ခုကိုလုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီး အောင်မြင်မှုများစွာရရှိမည်။ ငွေကြေးများစွာချမ်းသာကြွယ်ဝကာ အိမ်ခြံမြေအသစ်များဝယ်ယူနေထိုင်နိုင်မည်။

(ခ) သင့်အပေါ်၌အလွန်စာနာတတ်သောမိတ်ဆွေကောင်းတစ်ယောက်ကိုဆုံးရှုံးရလိမ့်မည်။ မိတ်ဆွေသစ်များတိုးပွားလာကာ..အကူအညီများစွာရရှိနိုင်ပါလိမ့်မည်။

(ဂ) အချစ်ရေးတွင်ကံကောင်းနေပြီး..ခွဲခွာနေရသောချစ်သူနှင့် ပြန်လည်ဆုံစည်းခွင့်ရမည်။ ချစ်သူနှင့်လက်ထပ်ခွင့်ရမည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်၏အလိုက်သိတတ်မှုကြောင့် စိတ်ချမ်းသာပျော်ရွှင်ရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ကောင်းပါသည်။ မိတ်ဆွေကောင်းတစ်ယောက်ကြောင့် ငွေကြေးအမြတ်အစွန်းများစွာရရှိနိုင်ပါသည်။

(စ) ၂ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၄ ဂဏန်းမကောင်းပါ။

## CARD-14 *TEMPERANCE*

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းကိုမိမိတစ်ဦးတည်းလုပ်ကိုင်ခြင်းထက်..စိတ်သဘောထားတူညီသူတစ်ဦးနှင့်တွဲ၍ အစုစပ်လုပ်ကိုင်ပါကပိုကောင်းပါသည်။ ဖြောင့်မတ်မှန်ကန်စွာလုပ်ကိုင်ပါက..အောင်မြင်မှုအကြီးအကျယ်ရမည်။

(ခ) သူတစ်ပါးအပေါ်စာနာညှာတာစိတ်ရှိခြင်း၊ တည်ကြည်ဖြောင့်မတ်စွာနေထိုင်ပြောဆိုခြင်းတို့ကြောင့် လူချစ်လူခင်ပေါ်များမည်။ မိတ်ဆွေကောင်းများထံမှအကူအညီများရရှိမည်။

(ဂ) အချစ်ရေးတွင် သင့်အပေါ်စာနာနားလည်သောချစ်သူကောင်းကိုတွေ့ရှိရမည်။ ထိုချစ်သူနှင့်လက်ထပ်ရလိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင် အိမ်ထောင်ဘက်နှင့်အတူဘုရားဖူးထွက်နိုင်ပါက အလွန်ကောင်းပါသည်။ အိမ်ထောင်ရေးသာယာနေပါမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ကောင်းပါသည်။ သင်လုပ်ကိုင်မည့်ကိစ္စများ အောင်မြင်မှုရရှိမည်။ အကြံအစည်သစ်များကိုစတင်အကောင်အထည်ဖော်သင့်သည်။

(စ) ၄ နှင့် ၅ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၈ ဂဏန်းမကောင်းပါ။



## CARD-14 *TEMPERANCE*

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) အစုစပ်လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါက လုပ်ငန်းတွင်ပြဿနာများစွာကြုံရမည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်ပါက..လက်အောက်ငယ်သားများကလိမ်လည်ခြင်းနှင့်ကြုံရမည်။ ငွေကြေးကြောင့်အမှုအခင်းဖြစ်နိုင်သည်။

(ခ) သင်ယုံကြည်နေသောမိတ်ဆွေများ၏..သစ္စာဖောက်ခြင်းကိုခံရမည်။ သူတစ်ပါးအပေါ်ယုံလွယ်လွန်းသောကြောင့် ဒုက္ခရောက်တတ်သည်။ မိတ်ဆွေကောင်းရှားပါးပြီး မိတ်ဆွေအတုအယောင်များနှင့်တွေ့ကြုံရမည်။

(ဂ) အချစ်ရေးတွင် ချစ်သူ၏သစ္စာဖောက်ခြင်းကိုခံရလိမ့်မည်။ အချစ်သစ်တွေ့လျှင်လည်း အချစ်စစ်အချစ်မှန်မဖြစ်နိုင်ပါ။

(ဃ) အိမ်ထောင်ရေးတွင် အိမ်ထောင်ဘက်၏စရိုက်ညံ့ဖျင်းမှုကြောင့်ပြဿနာများစွာကြုံရမည်။ အိမ်ထောင်ကွဲကိန်းရှိသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်အလွန်ညံ့ပါသည်။ သင့်အစီအစဉ်များ လွဲချော်နေလိမ့်မည်။ ငွေကြေးအကုန်အကျများနေမည်။

(စ) ၂ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၄ နှင့် ၅ ဂဏန်းမကောင်းပါ။

## CARD-15 THE DEVIL

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးလုပ်ဆောင်ရာတွင်..အတ္တစိတ်ကြီးမားလွန်းသောကြောင့် လုပ်ငန်းများပျက်စီးလိမ့်မည်။ မတော်လောဘဖြင့်လုပ်ဆောင်သောကြောင့် လုပ်ငန်းတွင်အမှုအခင်းများနှင့်ကြုံရလိမ့်မည်။

(ခ) သူတစ်ပါးအပေါ်တွင်မကောင်းကြံစည်လိုသောစိတ်၊ နိုင်လိုမင်းထက်ပြုမူလိုသောစိတ်တို့ကြောင့် ပတ်ဝန်းကျင်နှင့်မသင့်မြတ်ဘဲဖြစ်နေမည်။ မိတ်ဆွေကောင်းများက ရှောင်ခွာနေကြလိမ့်မည်။

(ဂ) အချစ်ရေးတွင်..ကြားလူတစ်ယောက်၏နှောင့်ယှက်မှုကြောင့် ချစ်သူနှင့်ခွဲခွာနေရမည်။ ချစ်သူ၏ အထင်အမြင်လွဲမှားခြင်းကိုခံနေရမည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်၏တစ်ကိုယ်ကောင်းဆန်နေမှုကြောင့် အိမ်ထောင်သည်ဘဝကိုစိတ်ကုန်နေမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ညံ့ပါသည်။ လုပ်ငန်းကိစ္စ၊ ငွေကြေးကိစ္စချိန်းဆိုထားခြင်းများ အလွဲလွဲအချော်ချော်ဖြစ်နေမည်။

(စ) ၀ နှင့် ၆ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၇ ဂဏန်းမကောင်းပါ။



## CARD-15 THE DEVIL

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းတွင်ကြုံတွေ့နေရသောအခက်အခဲများကို ရိုးသားစွာလုပ်ကိုင်ဖြေရှင်းခြင်းဖြင့်ပြေလည်လာမည်ဖြစ်သည်။ ရိုးသားစွာကြိုးစားလုပ်ဆောင်ပါက အောင်မြင်မှုများပြန်လည်ရရှိပါလိမ့်မည်။

(ခ) သင်၏အကျင့်စရိုက်များကို..သင်ကိုယ်တိုင်ကပြုပြင်နေသောကြောင့် ပတ်ဝန်းကျင်မှလူကောင်းများနှင့်ဆက်ဆံရေးပြေလည်လာမည်။ မိတ်ဆွေကောင်းများ၏အကူအညီများစွာကိုရရှိမည်။

(ဂ) အချစ်ရေးတွင်..သင်၏အပြစ်များကိုနားလည်ခွင့်လွှတ်ပေးနိုင်သော ချစ်သူကြောင့်စိတ်ချမ်းသာရမည်။

(ဃ) အိမ်ထောင်ရေးတွင်..သင့်အိမ်ထောင်ဘက်၏ကြင်နာစွာပြုစုယုယမှုကြောင့် အိမ်ထောင်သည်ဘဝတွင်စိတ်ချမ်းသာနေမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ကောင်းပါသည်။ သင့်အတွက်အရေးကြီးသည့်ကိစ္စများကိုစတင်လုပ်ကိုင်ပါ။ ငွေကြေးများမထင်မှတ်ဘဲရရှိမည်။

(စ) ၁ နှင့် ၅ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၆ ဂဏန်းမကောင်းပါ။

## CARD-16 THE TOWER

### အဓိပ္ပာယ်ဟောပြောချက်

(က) လက်ရှိလုပ်ငန်းပျက်စီးခြင်းနှင့်ကြုံတွေ့ရမည်။ စီးပွားရေးကျဆင်းနေခြင်းဒဏ်ကိုခံစားရမည်။ ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်သူများအတွက် အောင်မြင်မှုကိုပြန်လည်ရရှိပါလိမ့်မည်။

(ခ) ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ အထင်သေးစွာဆက်ဆံခြင်းကိုခံစားနေရမည်။ ပတ်ဝန်းကျင်၏ဝေဖန်စကားများကိုဂရုမစိုက်ဘဲ သင်ယုံကြည်သည့်အတိုင်းဆက်လက်လုပ်ဆောင်ပါ။ အောင်မြင်မှုရရှိမည်။

(ဂ) အချစ်ရေးတွင်ကံကောင်းနေပြီး လောကဓံကိုအတူရင်ဆိုင်မည့်ချစ်သူကောင်းကိုရရှိနိုင်ပါမည်။

(ဃ) အိမ်ထောင်ရေးတွင် သင်နှင့်အေးအတူ၊ ပူအမျှနေထိုင်မည့်အိမ်ထောင်ဘက်ကြောင့် စိတ်ချမ်းသာရပါမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အနည်းငယ်ညံ့နေပါသည်။ လုပ်ငန်းသစ်များအစပျိုးလုပ်ကိုင်သင့်သည့်နေ့မျိုးမဟုတ်ပါ။

(စ) ၀ နှင့် ၇ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၆ ဂဏန်းမကောင်းပါ။



## CARD-16 THE TOWER

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းတွင်ပြဿနာများစွာနှင့်တွေ့ကြုံရလိမ့်မည်။ ငွေကြေးကိစ္စအတွက်အထင်လွဲခံရမည်။ အမှုအခင်းဖြစ်နိုင်သည်။ မှန်ကန်ရိုးသားစွာလုပ်ဆောင်ခြင်းဖြင့်..အခက်အခဲများကို ကျော်လွှားနိုင်ပါလိမ့်မည်။

(ခ) ပတ်ဝန်းကျင်မှလေးစားစွာဆက်ဆံခြင်းကိုခံစားရမည်။ ဘဝင်မြင့်စိတ်ကြောင့် လူလိမ်ခံရကာအမှုအခင်းဖြစ်လိမ့်မည်။ မိတ်ဆွေများ၏အကူအညီဖြင့် ပြဿနာများပြေလည်သွားလိမ့်မည်။

(ဂ) အချစ်ရေးတွင်ကံကောင်းနေမည်။ ငွေကြေးသုံးဖြုန်းနိုင်သောကြောင့်ချစ်သူပေါများနေမည်။ ချစ်ဟန်ဆောင်နေသူများနှင့်တွေ့ဆုံရတတ်သည်။

(ဃ) အိမ်ထောင်ရေးတွင်..သင့်အိမ်ထောင်ဘက်၏လျှို့ဝှက်ဖုံးကွယ်ထားသောကိစ္စများကြောင့် အိမ်ထောင်ရေးအဆင်မပြေဖြစ်နေမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ကောင်းပါသည်။ လုပ်ငန်းတွင်ထူးခြားတိုးတက်မှုများနှင့်ကြုံတွေ့ရမည်ဖြစ်ပြီး မထင်မှတ်ဘဲငွေကြေးများစွာရရှိနိုင်သည်။

(စ) ၂ နှင့် ၅ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၇ ဂဏန်းမကောင်းပါ။

## CARD-17 THE STAR

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) သင့်ဘဝအတွက်..အကြီးကျယ်ဆုံးအောင်မြင်မှုရရှိမည့်အချိန်အခါ
ဖြစ်သည်။ သင်လုပ်ကိုင်နေသောလုပ်ငန်းတွင် ရည်မှန်းထားသည်ထက်ပို၍
ငွေ အောင်မြင်မှုများရရှိမည်။

(ခ) ဉာဏ်ပညာကြောင့်..ဂုဏ်သတင်းကြီးမားမည်။ လူမှုရေးကိစ္စများတွင်
စေတနာထား၍ဆောင်ရွက်ပါ။ သင့်အားမကောင်းကြံစည်သူများရှိနေသော်
လည်း သင့်အားမထိခိုက်နိုင်ပါ။

(ဂ) အချစ်ရေးတွင်..သင်ကိုယ်တိုင်ကအလေးအနက်မထားသောကြော
အချစ်ရေးအဆင်မပြေနိုင်ပါ။ သင့်ကိုချစ်မိသူမှာ စိတ်ဆင်းရဲနေရလိမ့်မည်

(ဃ) အိမ်ထောင်ရေးတွင် အိမ်ထောင်ဘက်နှင့်ခွဲခွာနေထိုင်ရလိမ့်မည်။ သ
ကိုယ်တိုင်က..ကျေနပ်နေမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ကောင်းသောနေ့ဖြစ်သည်။ ငွေကြေးများစွာရနိုင်ပြီး ထီထိုးဂ
ဆုကြီးများပေါက်နိုင်သည်။

(စ) ၀ နှင့် ဂ ဂဏန်းများအကျိုးပေးမည်။ ၅ နှင့် ၉ ဂဏန်းမကောင်



## CARD-17 THE STAR

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) သင်၏ဆင်ခြင်တုံတရားမဲ့စွာလုပ်ကိုင်မှုကြောင့်..လုပ်ငန်းတွင်အဆုံး
အရှုံးများစွာကြုံတွေ့ရလိမ့်မည်။ ကံကြမ္မာကသင့်ဘက်တွင်ရှိနေသောကြောင့်
အချိန်အခါကိုစောင့်ကြည့်၍ကြိုးစားလျှင် ပြန်လည်အောင်မြင်နိုင်ပါသည်။

(ခ) အတ္တကြီးမားခြင်းကြောင့်..လူမုန်းများနေမည်။ သင့်အားမကောင်းကြံ
စည်သူများကြောင့် နာမည်ပျက်ရမည်။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှမိတ်
ဆွေများနှင့်သင့်မြတ်အောင်ပေါင်းသင်းနိုင်လျှင် သင့်အတွက်ကောင်းပါမည်။

(ဂ) အချစ်ရေးတွင် ချစ်သူနှင့်သဘောထားကွဲလွဲမှုများရှိလာမည်၊ သင့်ဘက်
မှလိုက်လျောညီထွေနေနိုင်လျှင် အဆင်ပြေနေပါမည်။

(ဃ) အိမ်ထောင်ရေးတွင်..သင်လုပ်သမျှအကောင်းမထင်တတ်သောအိမ်
ထောင်ဘက်ကြောင့် စိတ်ဆင်းရဲနေရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အလွန်ညံ့နေပါသည်။ အရေးကြီးသောလုပ်ငန်းကိစ္စများကို ရက်
ရွှေ့ဆိုင်းဆောင်ရွက်သင့်သည်၊

(စ) ၂ နှင့် ၅ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ဂ ဂဏန်းမကောင်းပါ။

## CARD-18 THE MOON

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) လုပ်ငန်းပြိုင်ဘက်များအား မေတ္တာတရားဖြင့်အနိုင်ယူနိုင်ပါလိမ့်မည်။ သင်၏သည်းခံစိတ်ကြောင့်..မိတ်ဆွေအပေါင်းအသင်းများက သင့်ဘက်မှ ဝိုင်းဝန်းကူညီကြလိမ့်မည်။ ငွေကြေးလိမ်ညာခြင်းခံရနိုင်သည်။

(ခ) သင့်အပေါ်မကောင်းကြံစည်နေသူများရှိသောကြောင့်..သတိထား၍ နေထိုင်သင့်သည်။ အပေါင်းအသင်းများကိုကူညီမိသဖြင့်..အမှုအခင်းများ နှင့်ရင်ဆိုင်ရမည်။

(ဂ) အချစ်ရေးတွင်..သင့်ချစ်သူက သစ္စာဖေါက်သွားခြင်းကိုခံရလိမ့်မည်။ သင်မချစ်နှစ်သက်သူနှင့်ပေါင်းသင်းရန်စီစဉ်ခြင်းခံရလိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင်..သင့်ဘက်မှ အိမ်ထောင်ဘက်အားသည်းခံခွင့်လွှတ်နေသော်လည်း အိမ်ထောင်ဘက်၏အနိုင်ကျင့်ခြင်းကိုခံနေရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ကောင်းပါသည်။ သင့်ဘက်မှမှန်သည်ထင်လျှင်..ရဲရဲတင်းတင်းပြောဆိုလုပ်ကိုင်ပါ။ အောင်မြင်ပါလိမ့်မည်။

(စ) ၀ နှင့် ၉ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၅ ဂဏန်းမကောင်းပါ။



## CARD-18 THE MOON

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) အကြင်နာတရားခေါင်းပါးသောသင့်စိတ်ဓါတ်ကြောင့်..လုပ်ငန်းတွင် အနှောင့်အယှက်များစွာကြုံနေရလိမ့်မည်။ မိတ်ဆွေကောင်းများကပင် သင်နှင့်လက်တွဲလုပ်ကိုင်ရန်ဝန်လေးနေကြ၍ စီးပွားရေးကျဆင်းနေမည်။

(ခ) သင်၏ဒေါသစိတ်ကြောင့်..မိတ်ဆွေစစ်များနှင့်ပြဿနာဖြစ်နေမည်။ သူတစ်ပါးအပေါ်မကောင်းသောအကြံအစည်ရှိနေလျှင် ထိုအကြံအစည်မျိုး ကိုလုံးဝမလုပ်သင့်ပါ။

(ဂ) အချစ်ရေးတွင်..သင်၏သစ္စာဖေါက်သွားခြင်းကိုခံလိုက်ရသောချစ်သူက သင့်အားပြန်လည်စိတ်ထိခိုက်ခံစားအောင်လုပ်ဆောင်လိမ့်မည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်အပေါ်ကြင်နာစိတ်မရှိသော သင့်ကြောင့်..အိမ်ထောင်ရေးပြိုကွဲနိုင်ပါသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ညံ့နေပါသည်။ စကားအပြောအဆိုဆင်ခြင်ပါ။ ဒေါသဖြင့်ပြောဆိုမိသောကြောင့်..အန္တရာယ်နှင့်ကြုံဆုံရနိုင်သည်။

(စ) ၁ နှင့် ၈ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၉ ဂဏန်းမကောင်းပါ။

## CARD-19 THE SUN

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးလုပ်ငန်းများတွင်အဆင်ပြေနေပြီး..သင့်စိတ်တိုင်းကျလုပ်ဆောင်နိုင်ခွင့်ရနေသောကြောင့် စိတ်ချမ်းသာရမည်။ သင်၏ထူးချွန်စွာလုပ်ဆောင်နိုင်မှုကြောင့်..ဂုဏ်သတင်းထင်ရှားကျော်စောမည်။

(ခ) သင့်ဘဝကို ကျေနပ်ပျော်ရွှင်နေသောအချိန်ကာလဖြစ်သည်။ မိတ်ဆွေကောင်းများနှင့် အပျော်ခရီးထွက်ခြင်း၊ စီးပွားရေးကိစ္စဖြင့် နိုင်ငံခြားသို့ခရီးထွက်ခြင်းများပြုလုပ်ရလိမ့်မည်။

(ဂ) အချစ်ရေးတွင် သင့်အားချစ်သူဝိုင်းဝိုင်းလည်နေချိန်ဖြစ်သည်။ ချစ်သူရှိပြီးပါက သင့်ချစ်သူအပေါ်တွင်သစ္စာစောင့်ထိန်းသင့်ပါသည်။

(ဃ) အိမ်ထောင်ရေးတွင်..စိတ်ချမ်းသာရမည်။ အိမ်ထောင်ဘက်အလိုကိုလိုက်လျောပါက..ငွေကြေးအကြီးအကျယ်ဝင်ကိန်းရှိပါသည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ကောင်းပါသည်။ သင်လုပ်ကိုင်သမျှအကြံအစည်များ အောင်မြင်နိုင်မည့်နေ့ဖြစ်သည်။

(စ) ၀ နှင့် ၁ ဂဏန်းများအကျိုးပေးမည်။ ၅ နှင့် ၉ ဂဏန်းမကောင်းပါ။



## CARD-19 THE SUN

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးလုပ်ငန်းတွင် အခက်အခဲများစွာတွေ့ကြုံနေရမည်။ လုပ်ငန်းများနှောင့်နှေးကြန့်ကြာနေမည်။ သင့်အားအပြစ်တင်ခံနေရသော်လည်း သင့်ဘက်မှကတိတည်ကြည်စွာလုပ်ဆောင်ပါက ပြန်လည်အောင်မြင်လိမ့်မည်။

(ခ) သင်၏မိတ်ဆွေများကြောင့်..စိတ်အနှောင့်အယှက်ဖြစ်နေရမည်။ ငွေကြေးချေးငှားမိပါက အမှုအခင်းများနှင့်ကြုံရလိမ့်မည်။ စိတ်ရှုပ်ထွေးနောက်ကျိနေရသောအချိန်ကာလဖြစ်သည်။

(ဂ) အချစ်ရေးတွင်..သင်၏ချစ်သူကြောင့်စိတ်အနှောင့်အယှက်ဖြစ်နေမည်။ သူများပြောတိုင်းမယုံကြည်ပါနှင့်။ သည်းခံခွင့်လွှတ်စိတ်မွေးပါ။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်၏အမှားတစ်ခုကြောင့်ပြဿနာဖြစ်နေမည်။ ကျေအေးနိုင်လျှင်..သင့်အတွက်ကောင်းပါသည်။

### ယနေ့အတွက်ဟောပြောချက်

(င) ညံ့နေပါသည်။ စိတ်ရှည်ရှည်ထားပါ။ ငွေကြေးလိမ်ညာခံရနိုင်သောနေ့တစ်နေ့ဖြစ်သည်။

(စ) ၂ နှင့် ၉ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၁ ဂဏန်းမကောင်းပါ။

## CARD-20 JUDGEMENT

### အတည့်အစီပွာယ်ဟောပြောချက်

(က) စီးပွားရေးလုပ်ငန်းတွင် အခွင့်အရေးကောင်းများပေါ်ပေါက်နိုင်သည့် အချိန်အခါဖြစ်နေသောကြောင့် သင့်စိတ်တိုင်းကျလုပ်ငန်းတစ်ခုကိုရွေးချယ် လုပ်ကိုင်ပါ။ အချိန်ဆွဲနေပါက..အခွင့်အရေးများဆုံးရှုံးလိမ့်မည်။

(ခ) သင့်အတွက် မိတ်ဆွေအပေါင်းအသင်းပေါများနေမည်။ သင်၏မျှတ စွာဆုံးဖြတ်ပြောဆိုနိုင်သောအရည်အချင်းကြောင့် မိတ်ဆွေများကသင့်အား လေးစားစွာဆက်ဆံကြလိမ့်မည်။

(ဂ) အချစ်ရေးတွင် သင်၏အချစ်စိတ်များရှင်သန်နိုးကြားနေပြီးစိတ်ကစား လွန်းသောကြောင့် အချစ်ရေးကိစ္စများရှုပ်ထွေးနေပါမည်။

(ဃ) အိမ်ထောင်ရေးသာယာနေပြီး..သားသမီးရတနာထွန်းကားမည်။ အိမ် ထောင်ဘက်၏ကြင်နာမှုကြောင့်..စိတ်ချမ်းသာရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ကောင်းပါသည်။ အဆင်မပြေဖြစ်နေသောကိစ္စအားလုံး အဆင် ပြေသွားပါလိမ့်မည်။

(စ) ၂ နှင့် ၄ ဂဏန်းများအကျိုးပေးမည်။ ၁ နှင့် ၆ ဂဏန်းမကောင်းပါ။



## CARD-20 JUDGEMENT

### ပြောင်းပြန်အစီပွာယ်ဟောပြောချက်

(က) ဆုံးဖြတ်ချက်မပြတ်သားဘဲတွေဝေနေခြင်းကြောင့် အခွင့်အရေးကောင်း များကိုလက်လွှတ်ဆုံးရှုံးရလိမ့်မည်။ သင်ကိုယ်တိုင်လည်း..လက်ရှိဘဝကို ကျေနပ်နေသူဖြစ်သည်။

(ခ) မိတ်ဆွေကောင်းများက..စေတနာဖြင့်တိုက်တွန်းပြောဆိုသည့်အကြံ ကောင်းများကိုငြင်းပယ်နေသောကြောင့် မိတ်ဆွေကောင်းများကစွန့်ခွာသွား ကြလိမ့်မည်။ လူလိမ်ခံရမည်။

(ဂ) အချစ်ရေးတွင်သာယာနေပါမည်။ သင့်အပေါ်အမှန်တကယ်ချစ်မြတ်နိုး သော ချစ်သူကောင်းနှင့်ဆုံစည်းရမည်။

(ဃ) အိမ်ထောင်ရေးညှိုးနေမည်။ အိမ်ထောင်ဘက်နှင့်ဆက်ဆံရေးအဆင် မပြေဖြစ်နေမည်။ အိမ်ထောင်ဘက်နှင့်တွဲ၍..အလှူဒါနတစ်ခုပြုလုပ်ပါ။

### ယနေ့အတွက်ဟောပြောချက်

(င) အနည်းငယ်ညှိုးနေသေးသော်လည်း..ယနေ့မဖြစ်မနေလုပ်ကိုင်ရမည့် အလုပ်မျိုးရှိနေလျှင်လုပ်နိုင်ပါသည်။ အောင်မြင်ပါလိမ့်မည်။

(စ) ၁ နှင့် ၆ ဂဏန်းများအကျိုးပေးမည်။ ၂ နှင့် ၄ ဂဏန်းမကောင်းပါ။

## CARD-21 THE UNIVERSE

### အတည့်အဓိပ္ပာယ်ဟောပြောချက်

(က) အဆင်မပြေတော့သည့်လုပ်ငန်းဟောင်းကိုစွန့်ပယ်ပြီး..လုပ်ငန်းသစ်ပြောင်းလဲလုပ်ကိုင်ရမည့်အချိန်ဖြစ်သည်။ သင်လုပ်ကိုင်သမျှလုပ်ငန်းများ..အောင်မြင်ပါမည်။ အလှူအတန်းများပြုလုပ်ပေးပါ။

(ခ) လူတိုင်း၏ဘဝကိုသာယာပျော်ရွှင်စေလိုသောသင့်ဆန္ဒကြောင့် လူချစ်လူခင်ပေါများမည်။ ငွေကြေးဆင်းရဲချို့တဲ့သူများကိုအကူအညီပေးနေသောသင်၏လုပ်ငန်းများအောင်မြင်ပါလိမ့်မည်။

(ဂ) အချစ်ရေးတွင်..ကံအကောင်းဆုံးအချိန်ဖြစ်သည်။ ပြိုင်ဘက်ရှိနေလျှင်လည်း..သင်သာအနိုင်ရပါမည်။ ချစ်သူကြောင့်ပျော်ရွှင်ရမည်။

(ဃ) အိမ်ထောင်ရေးတွင်..အိမ်ထောင်ဘက်နှင့်ကွဲကွာနေပါက ပြန်လည်ပေါင်းသင်းခွင့်ရမည်။ သားသမီးရတနာရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) အလွန်ကောင်းပါသည်။ သင့်ဆန္ဒမှန်သမျှပြည့်စုံမည့်အချိန်ဖြစ်သည်။ ထီထိုးလျှင်..ဆုကြီးပေါက်နိုင်ပါသည်။

(စ) ၀ နှင့် ၂ ဂဏန်းများအကျိုးပေးမည်။ ၅ နှင် ၈ ဂဏန်းမကောင်းပါ။



## CARD-21 THE UNIVERSE

### ပြောင်းပြန်အဓိပ္ပာယ်ဟောပြောချက်

(က) စီးပွားရေးလုပ်ငန်းတွင်အောင်မြင်သော်လည်း..တိုးတက်မှုနှေးကွေးနေမည်။ ငွေကြေးတွန့်တိုတတ်သည့်သင့်စိတ်ဓါတ်ကြောင့်..အလုပ်သမားများက အလုပ်ကိုတာဝန်ကျေရုံသာလုပ်ဆောင်ကြလိမ့်မည်။

(ခ) သင်၏ပိုင်ဆိုင်မှုများကြောင့် စိတ်ဆင်းရဲနေရမည်။ လုပ်ငန်းများတွင်လူလိမ်ခံရတတ်သည်။ အမှုအခင်းများကြုံတွေ့ရတတ်သည်။ နေရာအနှံ့၌ရှိနေသောသင်၏ပိုင်ဆိုင်မှုများကို ပြန်လည်စုစည်းပါ။

(ဂ) အချစ်ရေးတွင် ပြိုင်ဘက်ဖြစ်သူအားအရှုံးပေးလိုက်ရသောကြောင့်စိတ်နာကျည်းနေရမည်။

(ဃ) အိမ်ထောင်ရေး..အဆင်ပြေနေပါမည်။ အိမ်ထောင်ဘက်၏ကျန်းမာရေးကြောင့် စိတ်သောကရောက်နေရမည်။

### ယနေ့အတွက်ဟောပြောချက်

(င) ယနေ့အတွက်ညံ့နေပါသည်။ ငွေကုန်ကြေးကျများနေပြီး လုပ်ငန်းများကိုအပြီးမသတ်နိုင်ဘဲဖြစ်နေမည်။

(စ) ၃ နှင့် ၆ ဂဏန်းများအကျိုးပေးမည်။ ၀ နှင့် ၂ ဂဏန်းမကောင်းပါ။